**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ**

**ညွှန်ကြားချက်အမှတ်၊ ၃ / ၂၀၁၅**

**နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း( ၁၃ ) ရက်**

**၂၀၁၅ ခုနှစ် ၊ ဇွန်လ ( ၂၉ ) ရက်**

၁။ အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေပုဒ်မ ၆၈ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီသည် ဤ ညွှန်ကြားချက်အမှတ် ၃/၂၀၁၅ ကိုထုတ်ပြန်လိုက်သည်။

၂။ ၂၅-၅-၂၀၁၅ ရက်နေ့တွင်ကျင်းပသည့် အသေးစားပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ အသေးစားငွေရေးကြေးရေးလုပ်ငန်းများကြောင့် အသင်းသားများ၏ လူမှု စီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေး အကျိုးသက်ရောက်မှုများအား သုံးသပ်အကဲဖြတ်နိုင်ရန် စာရင်းဇယားများကောက်ယူခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်းသတ်မှတ်လိုက်သည်-

(က) **အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများမှ အသင်းဝင်များ၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုး တိုးတက်မှု သုံးသပ် အကဲဖြတ်ရေးအတွက် အခြေခံအချက်အလက် Base Line Data များကောက်ယူရေး ။** အောက်ဖော်ပြပါ အချက်အလက်များအတိုင်း တစ်နှစ်တစ်ကြိမ်ကောက်ယူ၍ နှစ်အလိုက်နှိုင်းယှဉ်တင်ပြရမည်-

(၁) အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများ၏ အခြေခံစာရင်းဇယား ကောက်ယူသောအသင်းဝင်အရေအတွက်

(၂) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း / အခြားအရင်းအမြစ်များမှ ချေးငွေ ရယူမှု

(၃) ချေးငွေဖြင့်ရင်းနှီးမြှုပ်နှံမှု(ကျပ်သန်း)

(ကက) စိုက်ပျိုးရေး

(ခခ) မွေးမြူရေး

(ဂဂ) ကုန်ထုတ်လုပ်ငန်း

(ဃဃ) ဝန်ဆောင်မှု

(၄) ရင်းနှီးမြှုပ်နှံမှုမှအကျိုးအမြတ်ရရှိမှု

(၅) ရရှိသောအကျိုးအမြတ်ဖြင့်ဆောင်ရွက်သောမိသားစုကိစ္စများ(ကျပ်သန်း)

(ကက) နေအိမ်အဆင့်မြှင့်ခြင်း/ဆောက်လုပ်ခြင်း

(ခခ) ကား/ဆိုင်ကယ်/စက်ဘီးဝယ်ယူနိုင်မှု

(ဂဂ) ပညာရေးအသုံးစရိတ်သုံးစွဲမှု ( မူလတန်း ၊ အလယ်တန်း ၊ အထက်တန်း ၊ တက္ကသိုလ် )

(ဃဃ) ကျန်းမာရေးအသုံးစရိတ်သုံးစွဲမှု

(ငင) သာရေး/နာရေး/လူမှုရေး/အလှူအတန်းကိစ္စများတွင်သုံးစွဲမှု

(စစ) TV ၊ ရေခဲသေတ္တာ ၊ လေအေးပေးစက် ၊ ကွန်ပျူတာအပါအဝင် အိမ်သုံးပရိဘောဂပစ္စည်းများဝယ်ယူနိုင်မှု

(၆) ရင်းနှီးမြှုပ်နှံမှုတိုးချဲ့ခြင်း ၊ ရင်းနှီးမြှုပ်နှံမှုအသစ်များပြုလုပ်ခြင်း(ကျပ်သန်း)

(ခ ) **အသေးစားငွေရေးကြေးရေးလုပ်ငန်းအပေါ်အသင်းဝင်များ၏သဘောထားရယူခြင်း။**
အသေးစားငွေရေးကြေးရေးလုပ်ငန်းများ၏ ဝန်ဆောင်မှုအပေါ် အသင်းဝင်ပြည်သူများထံမှအောက်ပါသဘောထားမှတ်ချက်များတောင်းခံရမည်-

(၁) အသေးစားငွေရေးကြေးရေးလုပ်ငန်းကြောင့်လူမှုစီးပွားရေးဘဝ တိုးတက်လာမှု ရှိ/မရှိအပေါ်သဘောထားတင်ပြချက်

(၂) သိသာသောဖွံ့ဖြိုးတိုးတက်မှု ရှိ/မရှိအပေါ်သဘောထားတင်ပြချက်

(၃) အသေးစားချေးငွေကြောင့် ကြွေးဝန်ပိပြီး ယခင်ကာလထက်လူမှုစီးပွားရေးဘဝဆုတ်ယုတ်ကျဆင်းလာခြင်း (သို့) အသေးစားချေးငွေကြောင့် ၎င်းတို့၏အသက် မွေးဝမ်းကျောင်းဆိုင်ရာ စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာ၍ လူမှုဘဝဖွံ့ဖြိုး တိုးတက်လာခြင်းအပေါ်သဘောထားတင်ပြချက်

(၄) အခြားထင်မြင်ယူဆချက်များတင်ပြချက်

၃။ အထက်ပါ သတ်မှတ်ချက်များကို ဈေးကွက်အခြေအနေနှင့်အညီ လိုအပ်ပါက ပြင်ဆင်သတ်မှတ်ပေးသွားမည်ဖြစ်သည်။

ဝင်းရှိန်
ဥက္ကဋ္ဌ
အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

စာအမှတ် ၊ ကက-၁/ဖ( ၄၅၀ /၂၀၁၅)
ရက် စွဲ ၊ ၂၀၁၅ ခုနှစ် ဇွန်လ ၂၉ ရက်

**ဖြန့်ဝေခြင်း**
ဥက္ကဋ္ဌ ၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအားလုံး
အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များအားလုံး
အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအားလုံး
နေပြည်တော်ကောင်စီ ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တာဝန်ခံများအားလုံး ၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

အမိန့်အရ

29/6/2015
(ဝင်းအောင်)
အတွင်းရေးမှူး
အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

Directive/June15(TMK)